# အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂။ )

## ၁၃၇၅ခုနှစ်၊ တန်ခူးလဆန်း ၂ရက်

## (၂၀၁၄ခုနှစ်၊ ဧပြီလ ၁ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဆေးဝန်ထမ်းညွှန်ကြားရေးမှူး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |

ကျန်းမာရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်

ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

စက်မှုကြီးကြပ်ရေးနှင့်

စစ်ဆေးရေးဦးစီးဌာန

စက်မှုဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာန

(ည) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

နေပြည်တော်

စည်ပင်သာယာရေးကော်မတီ

(ဋ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ရန်ကုန်မြို့တော်

စည်ပင်သာယာရေးကော်မတီ

(ဌ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မန္တလေးမြို့တော်

စည်ပင်သာယာရေးကော်မတီ

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

ငါးလုပ်ငန်းဦးစီးဌာန

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်

ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

ဆေးသိပ္ပံပညာဦးစီးဌာန

ကျန်းမာရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်

ဆေးသုတေသနဦးစီးဌာန

(မြန်မာပြည်အလယ်ပိုင်း)

ကျန်းမာရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

ကျန်းမာရေးဝန်ကြီးဌာန"

၃။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)တို့တွင် ပါရှိသော "ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ"ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ"ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၂၀ တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀ မှ အများဆုံးကျပ် ၅၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်ငါးထောင်မှ အများဆုံးကျပ်ငါးသောင်း အထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

၆။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင် အဖွဲ့တို့သည် လိုအပ်ပါက အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်